# ဒီပဲရင်း

တိပ်ခွေတစ်ခွေရဲ့ ပါးစပ်ပေါက်ထဲက
တိပ်ကြိုးတွေ ဆောင့်ဆွဲထုတ်ပြီး ပစ်ကြဲ လွှင့်ပစ်လိုက်မယ်
အဲဒီကြိုးတွေ လမ်းမတစ်ခုအဖြစ် ဆက်လက်စီးဆင်းသွားတယ်ဆိုတာ သူတို့မှ မသိဘဲ။

ဦးခေါင်းတွေကို ဓားနဲ့ ကျင်းနဲ့ အတင်းဝင်ရောက် ရိုက်ခွဲခဲ့ကြတယ်
သွေးသံရဲရဲကြားက ဉာဏ်ပညာတွေ ဆက်ကာဆက်ကာ ပွက်ပွက်ဆူ ထတောက်တုန်း ၊
ပင်လယ်ရဲ့အနားသတ်တွေလို ပခုံးသားတွေကို ဝိုင်းဝန်းပိတ်ဆို့ ခုတ်ဖဲ့ခဲ့ကြတယ်
သွေးနှသားသစ် အသားတစ်တွေ ဆက်ကာဆက်ကာ အသစ်သစ်ထွက်လာနေတုန်း။

သူတို့ ငါတို့ကျောပြင်တွေကို စစ်မြေပြင်လို တရကြမ်း ဓားတွေနဲ့ ဝိုင်းထိုးခဲ့ကြတယ်
ဓါးတွေဟာ ကွေးညွတ်ပြီး သူတို့ဆီ ပြန်သွားခဲ့ကြတာ သူတို့ မသိလိုက်ခဲ့၊
သူတို့ ငါတို့ ရင်ဝတွေကို ဘောလုံးတစ်လုံးကို ခြေထောက်တွေနဲ့ ပြေးပြေးပြီး ကန်ခဲ့ကြတယ်
သပိုင်းဟာ အဲဒီမှာနစ်ပြီး တရားခံဟာ အဲဒီမှာ ကြိုးကွင်းစွပ်ပြီး ကျန်ခဲ့တယ်ဆိုတာကို
သူတို့ မသိလိုက်ခဲ့၊

အဲဒီလမ်းမပေါ်မှာ ဟားတိုက် ရယ်မောနေကြတယ် အဲဒီညက
သချိုင်းက ထလာသလို မိန်းမပျက်တွေ၊
အဲဒီမှာ ဖြူဖတ်ဖြူရော် သွေးလိုနေကြတဲ့ လမ်းဘေးတစ်ဖက်တစ်ချက်
ကိုယ့်ကိုယ်ကို သေလို့ သေနေမှန်းမသိတဲ့ ဖုတ်အသွင်းခံထားရတဲ့ ယောက်ျားတွေ၊
ရိုက်ဟ ရိုက်ဟ သတ်ဟ သတ်ဟ ဖြတ် အပြတ်ဖြတ် အမြစ်က ဖြတ် အသံတွေ အသံတွေ
ဒီအသံ
အဖေ့ကို အပြုတ်လှဲပြီး သမီးကို နောက်ထပ် အပြီးခုတ်လှဲဖို့
လက်နက်တိုက်တစ်ခုထဲကနေ ဟိန်းထွက်လာနေတဲ့အသံ၊